ချစ်သမေသီ

# ထိုအချစ်က စစ်မှန်ခဲ့သော်

အပိုင်း (၉)



# အပိုင်း - ၄၁

"ကလေး ပြပါဦး ကိုယ်ပူတာ သက်သာရဲ့ လားလို့ ..."

ပေါင်ပေါ်တင်ပြီး ရင်ခွင်ထဲက သူမလေးရဲ့ မျက်နှာလေးကို မော့စေပြီး နဖူးလေးကို သူလက်သွယ်သွယ်တို့ နှင့် ကိုယ်ပူစမ်းကြည့်နေသည် ။

မျက်လုံးဝိုင်းလေးနဲ့ သူ့ကို ကြည့်ပြီး အသည်းယားအောင် ပြုံးပြနေတဲ့ သူမလေး ...

"သက်သာပါပြီ ကိုကိုရဲ့ ကုမ္ပဏီကိုလည်း မသွားဘူး ပြီးတော့ သခင်မကြီးတို့ ရောက်နေတာ ၂ရက်ရှိပြီ ကိုကို အိမ်မပြန်လို့ သခင်မကြီး စိတ်ပူပြီး မျှော်နေလိမ့်မယ် ..."

သူ့ရှေ့မှာ နှုတ်ခမ်းလေးလှုပ်ကာ လှုပ်ကာ ပြောနေတဲ့ အသံလေးကို နေ ပြုံးပြီး ကြည့်နေမိသည် ။ နေ စံအိမ်ကို မသွားဖြစ်သလို company ကိုလည်း ခေါင်တို့ နှင့် လွှတ်ထားသည် ။ ဦးထက်အာကာရဲ့ ပတ်သက်သမျှတွေ ကိုတော့ ခန့်ကို စောင့်ကြည့် လှုပ်ရှားခိုင်းထားသည် ။ ဦးမိုးကြီးနဲ့ ဒေါ်ထားမြင့်ကိုလည်း ဦးခရာ ထိုင်းက ပြန်လာတာနှင့် အဖြစ်မှန်ကို ပြောခိုင်းမည်။ အားလုံးကို နေ သေချာ အစီအစဉ် ဆွဲထားပြီး သေချာလေး လုပ်ဆောင်နေသည် ။ ဒါကို သူအမြန်ဆုံး အဆုံးသတ်ချင်နေမိပြီ ...

"ကိုကို S လေးပြောတာ ကြားလား ... "

သူမအသံကြားမှ အတွေးစလေး လေထဲလွင့်ပြယ်ရင်း ... ..

"ဟင် အင်း ကိုကိုကြားပါတယ် ကလေး ... ကလေး နေကောင်းပြီ စိတ်ချရပြီဆိုမှ ကိုကိုသွားတွေ့လိုက်မယ် ... ကလေးသိရဲ့ လား ကိုကိုက ကလေးအနားက တစ်စက္ကန့်လေးတောင် သွားချင်တာ မဟုတ်ဘူး ... "

"ဟွန့် ပိုပြီ ... ကိုကိုပိုကြီး ... ခ်ခ် ... အွန်း ...

သူ့ရဲ့ ပါးလေးကိုဖွဲ့ကာ စနေတဲ့ သူမလေးလက်တွေကို လက်တစ်ဖက်နဲ့ သိမ်းလိုက်ပြီး နှုတ်ခမ်းလွှာလေးကို တစ်လွှာချင်း စုတ်ယူနမ်းလိုက်သည် ။ အချိန်ကြာထိ သူမလေးကို နမ်းနေမိသည် ။ သူအနမ်းတွေကို ငြိမ်သက်စွာ ခံယူနေတဲ့ သူမနှုတ်ခမ်းလေးကို ဖြစ်နိုင်ရင် မလွှတ်ချင်မိတာ အမှန်ပါ ... ...

"ကိုကို့ကလေးလေးက တကယ့် အလိမ်အမှာ လေးပဲ ... .. အဲဒါတွေကြောင့် ဒီလူက ပိုပိုပြီး အချစ်တွေ တိုးနေရတာ ... ချစ်တယ် အရမ်းအရမ်းပဲ ..."

နေ သူမလေး မျက်နှာပေါ်က ဝဲကျနေတဲ့ ဆံပင်စလေးတွေကို သပ်တင်ပေးပြီး ပါးဖောင်းလေးတစ်ဖက်ကို ဖွဖွလေးဖွဲ့ကာ ဆိုလိုက်သည် ။

"ကိုကို့ကိုလည်း အရမ်းချစ်တယ် ... "

သူမလေး ပြောလိုက်တော့ ...

"ချစ်လိုက်တာကွာ ..."

လက်တို့ က သူမခါးသွယ်သွယ်လေးဆီ သွားပြီး ပိုမိုတင်းကျပ်စွာ ဖတ်ထားလိုက်ပြီး နှစ်ဦးသား ပြုံးနေကြသည် ။

*****

"ကဲ မိနန်း ငါတို့ ရောက်တာ နှစ်ရက်ရှိပြီ ညည်းသား အရိပ်အယောင်တောင် မတွေ့ဘူး ..."

ဒေါ်ရွှေနန်းစံ ဆိုဖာပေါ်မှာ ထိုင်နေတဲ့ ဒေါ်နန်းမြတ်မာလာ အနားသို့ ထိုင်ကာ ဒေါသစွတ်သော အသံနဲ့ မေးနေသည် ။

"ဟူး ...

ဒေါ်နန်းမြတ်မာလာ သက်ပြင်းသဲ့သဲ့ချကာ ဒေါ်ရွှေနန်းစံကို ကြည့်၍ ...

"မမေကလည်း သားလေးက ကုမ္ပဏီမှာ အရမ်း အလုပ်များ နေလို့ပါတဲ့ ..."

"ဟဲ့ အဲဒီလောက် လုပ်ရအောင် လိုလို့ လား ငါတို့ မလုပ်ဘဲ ထိုင်စားတောင် ဒီတစ်သက်မပြောနဲ့ နောက် ၁၀သက်တောင် မကုန်ဘူး ... .. မြေးဘုန်းတောင် ပြန်လာသေးတာ သူက ... ဟင်း ..."

ဒေါ်ရွှေနန်းစံ စကားကိုပင် ဆက်မပြောတော့ပဲ သက်ပြင်းရှည် ချလိုက်သည် ။ မမေပြောတာလည်း ဟုတ်နေတာပဲ သားလေးက အိမ်ကိုတောင် ပြန်မလာဘဲ အလုပ်လုပ်ရအောင်မှ မလိုတာ သားလေး ဘာအကြောင်းများ ရှိလို့ ပါလိမ့် ...

"ကဲ ဒီသားမိနှစ်ယောက် ဘာတွေများ အလိုမကျ ဖြစ်နေတာလဲ ...

ဦးဂုဏ်ထည်ဝါ မိခင်နဲ့ ဇနီး အနားသို့သွားကာ ဆိုဖာပေါ်မှာ ထိုင်းပြီး မေးလိုက်သည် ။ အနောက်မှာ က ဦးဉာဏ်လင်းထည်ဝါ ကလည်း

ထိုင်လိုက်သည် ။

"မင်းသားပေ့ါ ငါတို့ ရောက်နေတာတောင် သူက ပြန်မလာဘဲ ... အလုပ်က အဲဒီလောက်တောင် အရေးကြီးနေလားမသိ ... .. ပြီးတော့ မင်္ဂလာဆောင်ကိစ္စကိုလည်း ငါတို့ ကို ဝင်မပါခိုင်းဘူး ... ဒီကလေး ဘာတွေများ ကျိတ်ကြံနေလည်း မသိဘူး ... ဒီကလေးတစ်ယောက်နဲ့ တော့ ခက်တယ် ..."

သူ့အမေ မျက်နှာ မကောင်းတာ သားငယ်ပြန်မလာလို့ ဆိုတာ ဦးဂုဏ်ထည်ဝါ သိလိုက်ပြီ ...

"ကျွန်တော် အခု ကုမ္ပဏီသွားကြည့်မလို့ ... သားပြောလိုက်မယ် ... ညီလေး မင်းလည်း သားဘုန်းကုမ္ပဏီသွားမလို့ မဟုတ်လား ..."

ဦးဂုဏ်ထည်ဝါ တစ်ဖက်က ထိုင်နေတဲ့ ဦးဉာဏ်လင်းထည်ဝါ ကို မေးလိုက်သည် ။

"ဟုတ်တယ် အစ်ကို ကျွန်တော် သား အဆင်ပြေရဲ့ လား သွားကြည့်မလို့ ... "

"လာကွာ ဒါဆိုသွားရအောင် ..."

"ဟုတ် အစ်ကိုသွားနှင့်လိုက်ပါ ကျွန်တော် မေမေ့ကို ပြောစရာရှိသေးလို့ ..."

"အေးအေး"

ဦးဂုဏ်ထည်ဝါ အမေနဲ့ ဇနီးကို ပြုံးပြကာ ထွက်လာလိုက်သည် ။

"သား မေမေကို ဘာပြောစရာရှိလို့ လဲ ... "

ဦးဉာဏ်လင်း အမေဖြစ်သူမေးတော့ မရီးဖြစ်သူကို တစ်ချက်ကြည့်

ကာ ... ..

"ဟို သားဘုန်းကိစ္စပါ သားလေးကိုလည်း တစ်ယောက်ယောက်နဲ့ လက်ထပ် ပေးထားချင်တယ် ..."

"အော်သားရယ် ... ဦးခရာရဲ့ မြေးလေး ဒေါက်တာ သိင်္ဂီနဲ့ ဆို သားမြေးဘုန်းနဲ့ သဘော တူနိုင်မလား ဒါမမဟုတ် တခြား စီးပွားရေးရှင်တွေရဲ့ သမီးတွေနဲ့ ဆိုရင်ရော ... "

"သားကို မေးကြည့်ပြီး ကျွန်တော်တို့ အမြန်ဆုံးစီစဉ်တာပေါ့ ..."

ဦးဉာဏ်လင်း အမှန်တော့ "ခရာ"ရဲ့ မျိုးဆက် အေသင်ခရာနဲ့ ပဲ သားဘုန်းကို ပေးစားချင်ပေမယ့် ...

*****

"ချစ်"

"ရှင် ကို ..."

ရင်ခွင်ထဲကို ထည့်ထားတဲ့ ကောင်မလေးကို ဘုန်းခေါ်လိုက်တော့ ခေါင်းလေးမော့ကာ ထူးလိုက်သည် ။

"ပြောလေ ကို ..."

"အရမ်းချစ်တယ်ကွာ ... ကိုတို့ လက်ထပ်ကြရအောင်နော် ... ကို့ဖေဖေတို့ ပြန် လာပြီ အဲဒါ လိုက်တွေ့စေချင်တယ် ညနေ ကိုနောက်လိုက်ခဲ့ပါနော် ..."

"ဖြစ်ပါ့မလား ကြယ်စင်ကြောက်တယ် ကို ... ကို့ဖေဖေက ကြယ်

စင်နဲ့ သဘောမတူရင် ဘယ်လိုလုပ်မလဲ ..."

မျက်နှာလေးညှိုးကာ ပြန်ပြောနေတဲ့ ချစ်ရသူကောင်မလေးကို ဘုန်း ရင်ခွင်ထဲ မြုပ်မတက် ဖတ်ထားမိသည် ။ သူ ဘာကြောင့်ပဲဖြစ်ဖြစ် သူမ ကို လက်လွှတ်မှာ မဟုတ်ပါ ...

"ကို ဟောဒီက ချစ်ကလေးလေး ဘေးမှာ ရှိနေမှာ မို့ မကြောက်နဲ့ နော် ... "

"ဟုတ်ကဲ့ ... "

"ပြောရဦးမယ် တကယ်တော့ S လေးက ဦးလေးမိုးကြီးရဲ့ သမီး မဟုတ်ဘူး တဲ့ သူက "ခရာ" စံအိမ်က မိသားစု တစ်ယောက်တဲ့ ... "

"ဟုတ်လား ... S လေးကို သတိရလိုက်တာ S လေးနဲ့ တွေ့ချင်လိုက်တာ ... "

"ကို ခေါ်သွားမယ်လေ ..."

"တကယ်လား ကို ကုမ္ပဏီသွားရဦးမယ် မဟုတ်လား ... "

"အင်း ကြယ်စင် ကို့ကုမ္ပဏီကို လိုက်ခဲ့ပါလား ကို နေ့လယ်လောက်ကျရင် S လေးဆီ လိုက်ပို့မယ်လေ ..."

"အဲဒီလို လုပ်လို့ ရလား ဒါဆို ကြယ်စင် ကိုဘုန်း ကုမ္ပဏီကို လိုက်ခဲ့မယ်လေ ..."

"လာ သွားကြမယ် ... "

ဘုန်း မနက်စောစော ကြယ်စင်နဲ့ အတူတူ ပန်းခြံထဲသို့ တွေ့ခြင်းဖြစ်သည် ။ သူ သူမကို တကယ် မြတ်မြတ်နိုးနိုး ချစ်မိနေပါပြီ အချစ်ဦး မဟုတ်တောင် အချစ်ဆုံးနဲ့ နောက်ဆုံး အချစ်က သူမတစ်ယောက်တည်း အ

တွက်ပါ ... ဘယ်လိုအခက်အခဲ ရှိနေပါစေ သူမကို လက်လွှတ်မည်မဟုတ်ပါ ... ဒါဟာ သူ့ရဲ့ ခိုင်မာ သော ဆုံးဖြတ်ချက်တစ်ခုပင် ...

*****

ဘုန်း company ထဲ သူမရဲ့ လက်ကိုတွဲကာ ဝင်လိုက်တာနှင့် မြင်လိုက်ရသည့် စူးရှတဲ့ မျက်ဝန်းတစ်စုံကြောင့် ဘုန်း သူမရဲ့ လက်ကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည် ။

"သား ပြန် လာပြီလား ..."

"ဟုတ်ကဲ့ ဖေဖေ အထဲဝင်လေ ... "

ဘုန်း ကြယ်စင်ရဲ့ လက်ကို တွဲကာ ဖခင်ဖြစ်သူရှေ့မှ ဖြတ်လျှောက်ကာ သူ့ရဲ့ အလုပ်ခန်းထဲသို့ ဝင်လိုက်သည် ။ ဦးဉာဏ်လင်း အထဲမှာ သားမရှိတာကြောင့် အပြင်ထွက်မည်အလုပ် မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ဒေါသအထွတ်အထိပ်သို့ ရောက်ပေမဲ့ ဒေါသကို မျိုသိပ်လိုက်ခြင်းဖြစ်သည် ။

"ကို ကြယ်စင်ကြောက်တယ် ... ... "

လက်လေးတွေ အေးစက်နေတဲ့ သူမလက်တွေကို ဘုန်း တင်းကျပ်စွာ ဆုပ်ထွေးထားမိသည် ။

"မကြောက်နဲ့ နော် ကို ရှိတယ် ... "

"ဖေဖေ ဒါ သားချစ်သူ ... သား သူမနဲ့ လက်ထပ်တော့မှာ ..."

ဦးဉာဏ်လင်း အထဲဝင်လိုက်ပြီး ဘုန်းရှေ့မှာ ဝင်ထိုင်လိုက်သည် နှင့်

ပြတ်သားစွာ ပြောလာတဲ့ သားဖြစ်သူ့ရဲ့ စကားကြောင့် ကောင်မလေးကို ကြည့်လိုက်မိသည် ။

ဆံပင်ရှည်တွေကို ဖြန့်ကြက်ကာ ချထားပြီး ပန်းနုရောင် ဝမ်းဆက်လေးနဲ့ အရမ်းလှပါတယ် ဒါပေမဲ့ ဘယ်လိုလူမျိုး ... ဘယ်လို အသိုင်းအဝိုင်းက ဖြစ်မှာ လဲ အသိုင်းအဝိုင်းမကောင်း ဘာမှ မဟုတ်ရင်တော့ သားဖြစ်သူနဲ့ လုံးဝ သဘောတူမည်မဟုတ်ပါ ...

"သမီးနာမည်က ဘယ်လိုခေါ်လဲကွယ့် ..."

"မှူး ... မှူးကြည်စင်ပါရှင့် ... "

ကတုန်ကယင် ဖြေလိုက်တဲ့ သူမကို ဘုန်း မကြောက်နဲ့ ဟု ခေါင်းယမ်းကာ ပြောလိုက်သည် ။

"ဘယ်မှာ နေတာလဲကွယ့် ..."

" ..."

ကြယ်စင် သူနေတဲ့ ရပ်ကွပ်ကို ပြောလိုက်တော့ ဦးဉာဏ်လင်း မျက်မှောင်ကြုတ်သွားကာ ဘာမှ ဆက်မမေးတော့ပဲ ထထွက်သွားသည် ။ သူမနေတဲ့ ရပ်ကွက်က ဆင်းရဲသားရပ်ကွက် ဖြစ်နေသောကြောင့် မဟုတ်လား ...

"ကို ကို့ဖေဖေက ကြယ်စင်နဲ့ သဘော မတူဘူးနေမှာ နော် ..."

"ကို့ဘဝမှာ ကိုယ်ဖြစ်ချင်တာ ကိုယ်လုပ်မှာ ဘယ်သူကိုမှ ဂရုမစိုက်ဘူး အထူးသဖြင့် ဖေဖေလိုလူမျိုးကိုပေါ့ မေမေတုန်းကလို ပစ်မထားဘူး ... ဖေဖေလိုမပျော့ညံ့ဘူး ကိုချစ်တဲ့ သူနဲ့ တစ်ဘဝလုံး လက်တွဲသွားမှာ ဘယ်လိုအခက်အခဲ ဖြစ်ပါစေ ဘယ်တော့မှ လက်မလွှတ်ဘူး ဒါကြောင့် ကို့ကို ချစ်ပေးပါနော် မင်းအချစ်တွေနဲ့ ပဲ ကို ရှေ့ဆက်မှာ မို့လို့ ..."

"ဟုတ်ကဲ့ အရမ်းချစ်ခဲ့တာ ကို့ကို ..."

"ကိုလည်း အရမ်းချစ်မိသွားပြီ ... အရင်တုန်းက ချစ်ရဲ့ အချစ်တွေ မမြင်ခဲ့ရ ... "

သူမ ဘုန်းရဲ့ ပါးစပ်ကို လက်ညှိုးလေးနှင့် ပိတ်လိုက်ပြီး သူ့ကို ပြုံးပြကာ ...

"ဟင့်အင်း အခု ကို ကြယ်စင်ကို ချစ်တယ်မို့လား ဒါဆို ပြီးပြည့်စုံသွားပါပြီ ... .. ဘယ်လောက်ပဲ နာကျင်ခဲ့ပါစေ မေတ္တာ ... အချစ်က ကြယ်စင်ကို ရောင်ပြန်ဟက်လို့ ကြယ်စင် အရမ်းပျော်တယ် ..."

ချစ်သူဆီက စကားလေးတွေ ကြားတော့ ဘုန်း သူမကို ရင်ခွင်ထဲ ဆွဲ၍ မြုပ်မတတ် ဖတ်ထားလိုက်သည်။

****

"သားခေါင် ..."

"ဗျာ ..."

ဦးဂုဏ်ထည်ဝါ နေရဲ့ အခန်းထဲမှာ နေ မရှိတာကြောင့် ခေါင်တို့ ဆီသွားကာ ခေါ်လိုက်ခြင်းဖြစ်သည်။

"မင်းတို့ ကိုနေရော ..."

"ဟို အပန်း ... အပြင်ကို အလုပ်ကိစ္စနဲ့ သွားပါတယ် ... "

ကတုန်ကယင်ဖြေနေတဲ့ ခေါင်ရဲ့ အဖြေကို ဦးဂုဏ်ထည်ဝါ သဘောမတွေ့တာကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ညနေကျ စံအိမ်ကို ပြန်လာခဲ့ပါလို့ ပြောလိုက် ... "

"ဟုတ်ကဲ့ ... ဟူး ...

ခေါင် ထွက်သွားတဲ့ ဦးဂုဏ်ထည်ဝါရဲ့ ကျောပြင်ကိုကြည့်ကာ သက်ပြင်း ချလိုက်သည် ။

"ခေါင် ဘာတွေ သက်ပြင်းချပြီး ခေါင်းတယမ်းယမ်း လုပ်နေတာလဲ ..."

"သခင်ကြီး ကိုနေကို ညနေလာဖို့ ပြောလို့ ပါကွာ ..."

သတိုး မေးတော့ ခေါင်ဖြေလိုက်သည် ။

"ဟေ့ သတိုး ဒီည ငါတို့ ကလပ်မှာ သွားပြီး ကဲရအောင် ... "

"တော်ပါပြီကွာ ငါအလုပ်ရှိသေးတယ် ပြီးတော့ ဘယ်မှာ လဲ မသွားချင်ဘူး စံအိမ်ပဲ ပြန်ပြီး အိပ်တော့မယ် ... ပြောထားဦးမယ် မင်းလည်း လျှောက်မသွားနဲ့ နော် ... "

"ဟုတ်ကဲ့ပါ မွေးစားဖေ ... "

"အေး ငါ့သားလေးခေါင် ... ဖုန်းဆက်လိုက်ဦး ကိုနေဆီကို ... "

"မွေးစားဖေ ခန့် အဆင်ပြေရဲ့ လား မသိဘူး သူဦးထက်အာကာနောက် လိုက်နေတာ ... "

"အင်း အဲဒီလူကြီး နောက်ကွယ်မှာ လုပ်နေတဲ့ မကောင်းမှုတွေ တော်တော်များ ဆိုလား တရားမဝင်တာတွေ လုပ်ကိုင်နေတာမှ အများကြီးပဲတဲ့ ပြီးတော့ ဖဲဆော့လို့ ရှုံးတာမှ အများကြီးပဲ ဟူး ... "

"သူတို့ ထိုက်နဲ့ သူတို့ ကံပဲပေါ့ ... ငါ ကိုနေဆီ ဖုန်းဆက်လိုက်ဦးမယ် ..."

"အေး ..."

ခေါင်း ဖုန်းထုတ်ကာ နေ ကို ဆက်လိုက်သည် ။

*****

ညနေရောက်သော် ... ..

"ကလေး ကိုကို အိမ်ပြန်လိုက်ဦးမယ် ဘွားဘွား ခေါ်ခိုင်းလိုက်လို့ ... "

"ဟုတ်ကဲ့ ... "

"ကြယ်စင်လာလို့ ငါ့ကလေးလေး နေ့လယ်က ငါ့ကို အရေးမလုပ်ဘူး ... ခုက ညနေ၄နာရီဆိုတော့ ၆နာရီ အရောက်ပြန်ခဲ့မယ် အဲဒီခါကျရင် အရေးမလုပ်ဘဲ ပစ်ထားတဲ့ နေ့လယ်စာကို ညကျမှ အတိုးချပြီး အပြစ်ပေးမယ် ..."

"အိမ်ပြန်မလာဘဲ မနေနဲ့ နော် ညရောက်ရင် S လေး တစ်ယောက်တည်း ကြောက်တယ်နော် ကိုကို ... "

မျက်လုံးဝိုင်းလေးနဲ့ ပြောနေတဲ့ သူမလေး ... ဒီစံအိမ်ကြီးထဲမှာ တစ်ယောက်တည်းဆိုတော့ ပို၍ ကြောက်မည်မဟုတ်လား သူ ဘာကိစ္စပဲဖြစ်ဖြစ် ပြန်လာရမည် ...

"အင်း စိတ်ချနော် ကိုကို ဘွားကို ခဏတွေ့ပြီးရင် ပြန်လာခဲ့မယ် ... "

"ဟုတ် သေချာ ပြန်လာနော် ... "

"ဟုတ်ပါပြီဗျာ ... စိတ်ချနော် ... ကိုကို သွားပြီ  ..."

နေ သူမခေါင်းလေးကို ဖွကာ ကားဆီသို့ ထွက်လာခဲ့သည် ။

******